ကိန္နရီလစဉ်

# မင်းမြတ်သူရ

## မြေဝါတောင်နတ်မင်း



ပန်းချီ
အင်ဒီးယန်း




တစ်နေ့ သဥ္စအုတ်ဖိုဘူတာရုံကလေးနှင့်မလှမ်းမကမ်းတွင်ရှိသော ထမင်းဆိုင်ကလေးသို့ ညနက်သောအချိန်တွင်ထမင်းစားမည့်သူများ ရောက်ရှိလာ၏။ထိုလူများသည်စုစုပေါင်းလူ(၉)ယောက်တိတိ ပါဝင်ပြီးလွန်စွာကြီးမားသောအိတ်ကိုယ်စီလွယ်ထားကြပြီး သက္ကလပ်ဘောင်းဘီ၊ကုတ်အကျႌနှင့်ဦးထုပ်ကိုယ်စီဆောင်းထား သဖြင့်၎င်းတို့၏ပုံသဏ္ဍာန်မှာသာမန်ခရီးသွားများနှင့်ခြားနားနေ လေ၏။ထိုလူများအနက်ခေါင်းဆောင်ဖြစ်ဟန်တူသူကအခန်းထောင့် ရှိခုံပေါ်ကိုခေါင်းတင်၍မှေးစက်နေသောလူရွယ်ကလေးတစ်ဦး၏ အနီးသို့ လျှောက်သွားပြီး..
ဟေ့ ကောင်လေးထစမ်း ဘာတွေရှုပ်ိုး မလဲ..
ဟုမေးမြန်းလိုက်ရာကောင်လေးသည် ရုတ်တရက်လန့်နိုးလာပြီးခရီးသည် များကိုတအံ့တသြမျက်လုံးပွတ်သပ် ကြည့်လေ၏။ခေါင်းဆောင်လူကြီးက တဟားဟားရယ်မော၍..
ဟေ့ ကောင်လေးဘာ ကြောင်ကြည့်နေတာ လဲ၊ထမင်းစားဖို့လာ တာကွ..


ဟုပြောလေ၏။လူရွယ်လေးသည်အိပ်ချင်မူးတူးဖြင့်သမ်းဝေလိုက်ပြီးထိုသူများကိုကြည့်၍..
ဒီအချိန်ကြီးကျမှရောက်လာတယ်၊ဆိုင်သိမ်းပြီဗျ၊ဘာမှမရှိတော့ဘူး၊ဆိုင်ရှင်မမြရင်တော့ပြန်သွားပြီ..
ဟုပြောလေ၏။ထိုအခါခရီးသွားအုပ်စုထဲမှထောင်ထောင်မောင်းမောင်းလူတစ်ယောက်က..
ဘာမှမရှိလည်းရှိတာကိုအမြန်သွားလုပ်စမ်း၊ငါတို့ဗိုက်ဆာနေပြီ၊မနေနိုင်ရင်မင်းတစ်ကိုယ်လုံးအိုးထဲထည့်ပြီးစွတ်ပြုတ်လုပ်သောက်လိုက်မယ်..
ကျုပ်ကဆိုင်ရှင်မဟုတ်ဘူးဗျ၊စားပွဲထိုးဗျ၊ဆိုင်ရှင်ကမနက်မှဆိုင်ကိုလာဖွင့်လိမ့်မယ်..


ဟုပြောလေရာခရီးသွားအုပ်စုထဲမှ မုတ်ဆိတ်မွေး ပါးမြိုင်းမွေးရှိသော ခေါင်းဆောင်က..
ဘာ ဖြစ်ဖြစ်စားစရာတစ်ခု ဖြစ်အောင်အမြန်ဆုံးသွားစီ စဥ်စမ်းကွာ၊ထမင်းစားပြီးရင် ဒီဆိုင်မှာပဲငါတို့ညအိပ်မယ်၊ ကျသင့်ငွေကိုမင်းပိုင်ရှင် လာမှငါတို့ကျသ လောက်ရှင်းမယ်..
ဟုပြောရင်းနံရံပေါ်ရှိဟောင်းနွမ်းသော တိုင်ကပ်နာရီကြီးကိုမော့ကြည့်ကာ..
အခု ည(၁၀)နာရီရှိပြီ (၁၁)နာရီထိုးရင်စားပွဲပေါ်ကို စားစရာရောက်အောင်ပို့ပေး ရမယ်။(၁၁)နာရီထိုးလို့မှငါတို့ လိုချင်တာမရရင်မင်းတစ်ကိုယ်လုံး အပိုင်းပိုင်းခုတ်ပြီး မီးဖိုထဲမှာ ကင်စားလိုက်မယ်..
ဟုခြိမ်းခြောက်လိုက်၏။လူငယ်လေးသည် လူကြမ်းများ၏ပုံသဏ္ဍာန်ကိုကြည့်၍ထိတ်လန့် သွားပြီးငင်းတို့ကိုစောဒကမတက်ရဲတော့ဘဲ မီးဖိုခန်းထဲသို့ဝင်ကာအမြန်ဆုံးမီးမွေးရလေ၏ မီးတောက်သောအခါထမင်းတစ်အိုးတည်ရ ၏။ထမင်းမကျက်မီကြောင်အိမ်ထဲသို့ကြည့် ရှုလေရာဘဲဥနှင့်ငါးခြောက်များကိုတွေ့ရ သဖြင့်ဘဲဥချဥ်ရည်ဟင်းချက်ရန်ပြင်ဆင်နေ ၏။




ဟုအော်ဟစ်လေ၏။လူရွယ်သည်ခဏကြာလျှင်အငွေ့တထောင်းထောင်းထနေသောထမင်းဟင်းများကိုပြင်ဆင်ပြီးခရီးသွားများထံသို့ရောက်ရှိသွားလေရာငင်းတို့သည်ချေးအထပ်ထပ်တက်နေသောစားပွဲခုံကြီးနှစ်လုံးကိုဆက်၍အသင့်ပါလာသောအရက်များကိုသောက်နေ၏။ငင်းတို့၏သားရေအိတ်ကြီးများကိုအခန်းထောင့်ရှိစားပွဲခုံပေါ်တွင်စုပြုံထား၏။လူရွယ်လေးကစားပွဲပေါ်သို့ထမင်းဟင်းများပို့ပေးသောအခါခရီးသွားအုပ်စုသည်မြိန်ရှက်စွာစားသောက်လေ၏။ငင်းတို့စားသောက်ပြီးသောအခါလူရွယ်ကပန်းကန်များကိုသိမ်း၍အိပ်စက်ရန်စီစဉ်ပေး၏။ခရီးသွားများသည်သားရေအိတ်များကိုကိုယ်စီပိုက်၍အိပ်စက်လေ၏။ထိုအခါမှပင်လူရွယ်လေးသည်ဆိုင်လေး၏ထပ်ခိုးပေါ်သို့တက်ကာအိပ်စက်လေ၏။သို့သော်အိပ်ရာထဲသို့ရောက်သည်အထိအိပ်မပျော်ဘဲထိုလူများအကြောင်းကိုတွေးတောနေ၏။ငင်းတို့သည်မည်သည့်အတွက်ကြောင့်ညအချိန်မတော်ဤမြို့လေးသို့ရောက်ရှိလာသည်မသိ။ခရီးသွားများ၏ခေါင်းဆောင်သည်အိပ်ခါနီးတွင်ကုတ်အင်္ကျီကိုချွတ်ရန်ပြင်လိုက်ရာငင်း၏ခါးကြား၌ဖွက်ထားသောသေနတ်ကိုတွေ့ရ၏။ထိုလူများသည်သူခိုးဓားပြများဖြစ်လေသလားမသိ။


နောက်တစ်နေ့နံနက်တွင်ဆိုင်ရှင်မမြရင်သည်မနက်စောစောထ၍ထမင်းဆိုင်သို့ရောက်သောအခါထမင်းဆိုင်၏တံခါးမကြီးပွင့်နေသဖြင့်မျက်လုံးပြူးသွား၏။ဆိုင်ထဲသို့မျက်လုံးဝေ့ကြည့်ရာခရီးသွားများ၏ခြင်ထောင်ကိုမြင်သဖြင့်ကျယ်လောင်သောအသံဖြင့်..
ဟဲ့
ငါ့ဆိုင်မှာဘယ်က
ကလေကချေတွေလာ
အိပ်နေတာလဲ၊အောင်
လံ၊အောင်လံဘယ်
ရောက်နေသလဲ..
ဟုစားပွဲထိုးလူငယ်ကိုအော်ဟစ်ခေါ်ဝေါ်လိုက်ရာသူမ၏စကားမဆုံးမီပါးစပ်ထဲသို့တစ်စုံတစ်ရာဖြင့်ထိုးထည့်ခံလိုက်ရသဖြင့်ထိုအရာကိုကမန်းကတန်းဆွဲထုတ်ကြည့်လေ၏။ထိုအခါပါးစပ်ထဲမှငွေစက္ကူများထွက်လာသဖြင့်တအံ့တသြဖြစ်နေစဉ်သူ၏အနီးရှိစားပွဲခုံပေါ်တွင်တင်ပျဉ်ခွေထိုင်နေသောလူတစ်ယောက်ကိုမြင်လေ၏။ထိုသူကဖတ်လက်စစာအုပ်ကိုစားပွဲခုံပေါ်သို့ချ၍..
ဒီမှာ
ကျုပ်တို့ညကဒီဆိုင်မှာ
ထမင်းစားတယ်၊ညလည်း
တစ်ညအိပ်တယ်၊ဒါကြောင့်
ကျသင့်တဲ့အခကြေးငွေကို
မေးတာ၊အဲဒီပိုက်ဆံတွေ
အကုန်ယူလိုက်
တော့..
ဟုပြောလေရာပိုက်ဆံမက်သောမမြရင်သည်ကျသင့်သောအခကြေးငွေများထက်ပိုလျှံနေသဖြင့်အလွန်သဘောကျသွားပြီးတဟင်းဟင်းရယ်မောကာ..
၆







ဟုလေသံမာမာဖြင့်ပြောလိုက်ရာမမြရင်သည် ကမန်းကတန်းခေါင်းညိတ်၍ဈေးဝယ်ရန်ပြင်ဆင်လေတော့၏။စားပွဲထိုးလူငယ်လေးအောင်လံကိုလည်းဆူပူကြိမ်းမောင်း၍ အမြန်ဆုံးမီးမွှေး၍ရေနွေးအိုးတည်ရန်ပြောလေ၏။အောင်လံကပိုက်ဆံမက်သောမမြရင်ကိုကြည့်၍သက်ပြင်းချလိုက်ပြီးစားပွဲခုံပေါ်တွင်အသင့်တည်ထားသောရေနွေးကရားကိုလက်ညှိုးညွှန်ပြလိုက်ရာမမြရင်သည်ပါးစပ်ပိတ်သွားလေ၏။မမြရင်သည်ဈေးမှဟင်းချက်စရာများကိုဝယ်ယူလာပြီးချက်ပြုတ်နေစဉ်တွင်ခရီးသွားတစ်စုသည်ဆိုင်၏ထောင့်တစ်နေရာတွင်ထိုင်၍စာရွက်တစ်ခုကိုဖြန့်ခင်းကာကြည့်ရှုနေ၏။



အောင်လံသည်ခရီးသွားများအတွက်ရေနွေးကြမ်း၊ထန်းလျက်၊ပဲကြီးလှော်များကိုစီစဉ်ပေးရင်းစာရွက်ကြီးကိုမသိမသာကြည့်လိုက်ရာမြေပုံတစ်ခုဖြစ်နေ၏။လူရွယ်သည်ခေါင်းချင်းဆိုင်ကြည့်နေသောလူအများ၏စိန်ကန့်လန့်ဝန်းကျင်ရှိရွာများကိုမြေပုံဆွဲထားခြင်းဖြစ်သဖြင့်စိတ်ဝင်စားစွာကြည့်လိုက်လေ၏။ထိုအခါမုတ်ဆိတ်မွေး၊ပါးမြိုင်မွေးများရှိသောခေါင်းဆောင်ကနောက်သို့ကြည့်၍..





ဟုမေးလေ၏။လူရွယ်ကမြေပုံကိုသေချာစွာကြည့်၍ထန်းပင်ကုန်းနှင့်စိန်ကန့်လန့်ကြားရှိနေရာတစ်ခုကိုလက်ဖြင့်ထောက်ပြလိုက်၏။လူရွယ်လက်ထောက်ပြသောနေရာကိုကြည့်သောခေါင်းဆောင်ဖြစ်သူကစိတ်ဝင်စားစွာဖြင့်..




မင်းတို့ ရွာပတ်ဝန်းကျင်မှာ စမ်းချောင်းတစ်ခုစီး နေတယ်မဟုတ်လား..
ဟုတ်တယ်၊စမ်းချောင်းကရွာကိုပတ်ပြီးစီးနေတယ်၊ရွာမှာဝါဆိုပန်းခူးထွက်တဲ့အခါ စမ်းချောင်းထဲမှာလေစီး ပြီးတောထဲကိုသွားကြတယ်..
ဟုပြောလေရာခရီးသွားလူစုသည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်၏။၎င်းတို့ခေါင်း ဆောင်ကစီးကရက်တစ်လိပ်ကို မီးညှိလိုက်ပြီး
မင်းတို့ ရွာပတ်ဝန်းကျင်မှာ အုတ်ဂူဟောင်းတွေ ဘာတွေရှိသလား
ရွာထိပ်ကသင်္ချိုင်းမှာတော့ အုတ်ဂူရှိတာပေါ့၊ဒါပေမဲ့ အုတ်ဂူကသိပ်မများပါဘူး၊ လယ်ပိုင်ရှင်ဦးရွှေလူတို့ လင်မယားရယ်၊သူ့ချွေးဦးဘလုရယ်၊နောက်ဒေါ်ရွှေစန်းကြီးရယ်..
၉


ဟုလက်ချိုးရေတွက် လေရာခေါင်းဆောင်က စကားကိုဖြတ်၍လက် ကာပြကာ...
သချိုင်းက အုတ်ဂူကိုပြောတာ မဟုတ်ဘူးကွ၊သချိုင်း မဟုတ်တဲ့နေရာမှာတစ်လုံး တည်းရှိနေတဲ့ရှေးဟောင်း အုတ်ဂူတွေဘာတွေရှိသလား လို့မေးတာ..
သချိုင်း မှာပဲအုတ်ဂူရှိတယ်၊ ဒီပြင်နေရာမှာဘယ်ရှိ ပါ့မလဲ..
ဟုပြေလေ၏။၎င်းတို့၏ခေါင်း ဆောင်ကမြေပုံစာရွက်ကိုပြန်ခေါက် ၍လူရွယ်၏ဘက်သို့လှည့်ကာ..
သေသေ ချာချာစဉ်းစားပါဦးကွာ၊ အုတ်ဂူကရှေးဟောင်း အုတ်ဂူကွ၊မင်းတို့ရွာပတ် ဝန်းကျင်မှာရှိတယ်၊နှစ်တွေ အများကြီးကြာပြီဆိုတော့ချုံ တွေဖုံးရင်ဖုံးနေမှာပေါ့..


ဟုပြောလေရာလူရွယ်သည်ခေါင်းဆောင်၏စကားကြောင့် ငယ်စဉ်ဘဝကိုပြန်လည်သတိရ၏။တစ်ခါကသူငယ်ချင်း များနှင့်စစ်တိုက်တမ်းကစားရင်းငှင်းတို့ကိုအပေါ်စီးမှတိုက် ခိုက်ရန်အတွက်တောင်ကုန်းတစ်ခုပေါ်သို့တွယ်ကပ်တက်ခဲ့ ၏။တောင်ကုန်းပေါ်သို့ရောက်သောအခါချုံနွယ်များကိုအ ကာအကွယ်ပြု၍သူငယ်ချင်းများကိုချောင်းမြောင်း၏။သူ၏ သူငယ်ချင်းဖိုးတာသည်တောင်ကုန်းအနီးသို့ရောက်လာ သောအခါလေးဂွဖြင့်ဦးစွာပစ်လိုက်၏။ဖိုးတာ ကိုထိမှန်သွားသောအခါဝမ်းသာအားရဖြင့်
ဟား
ဟားဟားဘာရ
မလဲဖိုးတာရယ်၊မင်း
တို့ထက်လျင်လို့ဒီ
လိုလုပ်တာကွ..
ဟုကြွေးကြော်ရင်းခုန်ဆွခုန်ဆွပြုလိုက်ရာ အရှိန်လွန်ပြီးတောင်ကုန်းတစ်ဖက်လျှိုထဲသို့ လိမ့်ကျသွား၏။လျှိုထဲသို့တရှုတ်တိုက်ကျ သွားသဖြင့်ဒဏ်ရာအနာတရမရှိခဲ့သော်လည်း အပေါ်သို့ခက်ခက်ခဲခဲပြန်တက်ခဲ့ရ၏။သူ၏ သူငယ်ချင်းများကနွယ်ကြိုးတစ်ချောင်းကိုရှာပြီး လျှိုထဲသို့ပစ်ချပေးခဲ့၏။ထိုစဉ်ကလျှိုထဲသို့ ကျခဲ့စဉ်ထူးဆန်းသောအုတ်ဂူတစ်လုံးကိုသတိ ထားမိလိုက်၏။လျှိုကြီးထဲတွင်ရှေးဟောင်း အုတ်ဂူတစ်လုံးရှိနေခြင်းကိုသူငယ်ချင်းများကို ပြန်ပြောသောအခါငှင်းတို့သည်မယုံကြပေ။ မိမိအားလိမ်ညာပြောဆိုသူဟုစွပ်စွဲပြီးဝိုင်းဝန်း လှောင်ပြောင်ကြလေ၏။ အောင်လံသည်ငယ်စဉ် ဘဝကိုပြန်တွေးပြီးတဏှမျှငြိမ်သက်နေစဉ် မုတ်ဆိတ်မွေး၊ပါးမြိုင်းမွေးရှိသောလူကြီးက သူ၏ပခုံးကိုပုတ်လိုက်ရာလက်ရှိဘဝကိုပြန် ရောက်သွားလေ၏။လူကြီးကမျက်မှောင်ကြုတ် ကြည့်၍..
၁၁


အတ်ဂူရှိတယ်ဆိုတာမင်းသိတယ်မဟုတ်လား..
ကျုပ်ငယ်ငယ်တုန်းကရွာနဲ့ခပ်လှမ်းလှမ်းကလျှိုကြီးထဲပြုတ်ကျပြီးအတ်ဂူတစ်လုံးတွေ့ဖူးတယ်၊အဲဒါသူများတွေကိုပြောပြတော့ဘယ်သူမှမယုံကြဘူး..
အဲဒီအတ်ဂူကို ငါတို့ကြည့်ချင်တယ်၊လိုက်ပို့ပေးစမ်းပါကွာ၊မင်းကိုမုန့်ဖိုးပေးပါမယ်..
လိုက်ပို့လို့ဘယ်ဖြစ်မလဲ၊ခရီးကအဝေးကြီးသွားရမှာကျုပ်ရဲ့ဆိုင်ရှင်ကခွင့်ပြုမှာမဟုတ်ဘူး..
၁၂
ဟုငြင်းဆန်လေ၏။ထိုအခါခေါင်းဆောင်ကစိတ်အားထက်သန်စွာဖြင့်..


မင်းရဲ့ ဆိုင်ရှင်ကိုငါတို့ရအောင်ပြောမယ်၊မင်းဘာမှမပူနဲ့ မမြရင်ခွင့်ပြုရင် လိုက်ပို့မယ်မဟုတ်လား..
ဟုမေးမြန်းလိုက်ရာအောင်လံသည်ရွာသို့ပြန်ချင်နေသူဖြစ်၍ကမန်းကတန်းခေါင်းညိတ်လေ၏။တစ်နေ့ကုန်မနားမနေခိုင်းစေသောမမြရင်၏ဆိုင်တွင်လုပ်ကိုင်ရခြင်းကိုမပျော်ရွှင်တော့ပေ။မုတ်ဆိတ်မွေးပါးမြိုင်မွေးများ၊ရှိသောလူကြီးသည်မမြရင်ထံသို့သွား၍အောင်လံကိုလမ်းပြအဖြစ်ခေါ်ယူလိုကြောင်းပြောဆိုလေရာမမြရင်ကခေါင်းခါ၍..
ဒါတော့ဘယ်ဖြစ်မလဲ၊ကျွန်မဆိုင်မှာအောင်လံကိုပဲအောက်ခြေသိမ်းခိုင်းနေရတာ သူမရှိရင်ကျွန်မပင်ပန်းမှာပေါ့..
ဟုငြင်းဆန်လေရာလူကြီးကဘောင်းဘီအိတ်ထဲမှပိုက်ဆံ(၁၀)ကျပ်တီတီထုတ်ပေးလိုက်ပြီး..
ကောင်လေးကိုခေါ်သွားတဲ့အတွက်ငွေတစ်ဆယ်ပေးရင်ဖြစ်မှာလား..






မိခင်ဆုံးသောအခါခိုးကိုးရာမဲ့ဖြစ်နေသောအောင်လံသည်မိခင်မောင်ဖြစ်သောဦးလေးထံသို့ခိုကပ်ခဲ့ရ၏။ ဦးလေးတို့ဇနီးမောင်နှံသည်ပတ်ဝန်းကျင်ကမြင်ကောင်းစေရန်အောင်လံကိုခေါ်ယူထားသော်လည်းကြည်ဖြူခြင်းမရှိပေ။အောင်လံအိမ်မှာနေထိုင်စဉ်အလုပ်နှင့်လက်မပြတ်အောင်ခိုင်းစေ၍မနေနိုင်အောင်ပြုလုပ်၏။ အောင်လံသည်ပင်ပန်းဆင်းရဲစွာလုပ်ကိုင်ရသော်လည်းမဝရေစာစားသောက်ရ၏။


အောင်လံအိမ်ရောက်ပြီးတစ်လပြည့်သော နေ့တွင်ဦးလေးကခေါ်၍..
အောင်လံ မင်းရွာမှာနေရင်ကြီးပွားမှာမဟုတ်ဘူး ဒါကြောင့်မြို့ပေါ်ကငါ့မိတ်ဆွေဆီမှာအလုပ်ရှာပေးမယ်..
ဟုပြောလေရာအောင်လံသည်လွန်စွာပျော်ရွှင်သွား၏။ထို့ကြောင့်မြို့ပေါ်တွင်အလုပ်လုပ်လိုကြောင်းပြောလေ၏။ဦးလေးသည်နောက်တစ်နေ့တွင်အောင်လံကိုခေါ်၍မြို့သို့တက်လေ၏။ဦးလေးသည်စပါးပွဲစားလုပ်သူဖြစ်သဖြင့်လည်လည်ပတ်ပတ်ရှိ၏။မြို့နှင့်ရွာကူးချည်သန်းချည်မကြာခဏပြု၏။မမြရင်၏ဆိုင်သို့ရောက်သောအခါလွယ်အိတ်စုတ်ကလေးဖြင့်ခပ်ရှို့ရှို့ရပ်နေသောအောင်လံကိုကြည့်၍မမြရင်က..
လူပုံကတော့ရုပ်လေးသနားကမားနဲ့လက်ကြောတင်းမယ့်ပုံမပေါ်ဘူး၊ဘာပဲဖြစ်ဖြစ်ကိုကျော်ခေါ်လာတယ်ဆိုတော့လက်ခံရမှာပေါ့..
ဟုမခို့တရို့ပြောလိုက်လေ၏။ထို့နောက်တွင်မှအောင်လံဖင်ပူအောင်ပင်မထိုင်ခိုင်းတော့ဘဲထမင်းဆိုင်၏အလုပ်များကိုဇယ်ဆက်သလိုခိုင်းစေလေတော့၏။ထိုစဉ်ကမမြရင်၏ထမင်းဆိုင်တွင်ကူညီလုပ်ကိုင်နေသောမိန်းမတစ်ယောက်ရှိ၏။ထိုမိန်းမသည်အောင်လံရောက်ပြီးမကြာမီတွင်အလုပ်ထွက်သွားလေတော့၏အောင်လံသည်မမြရင်ဆိုင်သို့ရောက်သည့်နေ့မှာပင်ပင်ပန်းပန်းလုပ်ကိုင်ရလေ၏။ဆူပူကြိမ်းမောင်းခြင်းကိုလည်းခံရ၏။

ညသို့ရောက်သောအခါဦးလေးနှင့်အောင်လံသည်မမြရင်ဆိုင်၏အောက်ထပ်တွင်အိပ်စက်လေ၏။ အောင်လံသည်ပင်ပန်းလွန်းသောကြောင့်အိပ်ရာပေါ်သို့ခေါင်းချသည်နှင့်အိပ်ပျော်သွား၏။ညသန်းခေါင်သို့ရောက်သောအခါဆီးသွားချင်သဖြင့်အိပ်ရာမှလန့်နိုးလာ၏။သူ၏အနီး၌အိပ်စက်နေသောဦးလေးကိုမတွေ့ရဘဲခေါင်းအုံးနှင့်စောင်လည်းမမြင်ရတော့ပေ။ဦးလေးသည်အခန်းထဲတွင်အိုက်သောကြောင့်အပြင်သို့ထွက်အိပ်သည်ထင်နေ၏။ထမင်းဆိုင်တစ်ဆိုင်လုံးမှောင်မည်းနေ၏။အောင်လံသည်ရေအိမ်ရှိရာသို့မှန်းဆ၍သွားရ၏။ရေအိမ်မှပြန်လာသောအခါမမြရင်၏အိပ်ခန်းဝမှရယ်မောသံကိုကြားရ၏။





ဟဲ့ ကောင်လေး ပန်းကန်ဆေးတာ ကြာလှချည်လား၊ဘာတွေစဉ်းစားနေတာလဲ..
ဦးလေးနဲ့ အဒေါ်အကြောင်းပါ..
ဟဲ့ ငါနဲ့နင့်ဦးလေး ဘာဆိုင်လို့လဲ
မဟုတ်ပါဘူး၊စိတ်သဘောထားချင်းအတော်နီးစပ်တာကိုစဉ်းစားနေတာပါ
အပိုတွေ ပြောမနေနဲ့၊ဟိုလူတွေကိုလမ်းပြပေးလိုက်၊နင်တို့ရွာကိုရောက်ရင်ဟိုဝင်ဒီဝင်နဲ့ခြေရှည်မနေနဲ့၊ဆိုင်ကိုအမြန်ဆုံးရောက်အောင်ပြန်လာခဲ့ကြားလား၊ထမင်းဆိုင်မှာငါတစ်ယောက်တည်းမနိုင်မနင်းဖြစ်နေလိမ့်မယ်..


ဟုပြောလေ၏။ခရီးသွားဧည့်သည်များသည် မနက်စာစားသောက်ပြီးသည်နှင့်ကျောပိုးအိတ်ကြီးများကိုပြင်ဆင်၍ခရီးထွက်ရန်ဖင်တကြွကြွဖြစ်နေ၏။၎င်းတို့သည်ရှေးဟောင်းအုတ်ဂူတစ်လုံးကိုအဘယ်ကြောင့်စိတ်ဝင်စားနေသည်မသိ။ ခရီးသွားအဖွဲ့၏ခေါင်းဆောင်ကြီးကအနီးသို့ရောက်လာပြီး
ငါတို့ ခရီးကနေ့ဝက် လောက်သွားရမယ်ထင် တယ်ညနေစောင်း လောက်မှရောက် လိမ့်မယ်..
ဟုပြောလေရာအောင်လံက ခေါင်းညိတ်၍..
လှည်းတစ်စီး လောက်ရှာပြီးသွား ကြတာပေါ့..
မင်းတို့ မြို့ပြင်မှမြင်းတွေမွေး တဲ့ခြံတစ်ခြံတွေ့တယ်၊ အဲဒီမြင်းတွေငှားလို့ ရမလား..


ရမယ် မထင်ဘူး။အဲဒီမြင်းတွေက သာယာဝတီမြို့ကအင်္ဂလိပ်အရေးပိုင်ကြီးတစ်ဦးပိုင်တဲ့မြင်းတွေ၊ ခြံမှာနေတဲ့သူတွေက မြင်းတွေကိုငှားမွေးပေးနေတာ..
တစ်ရက် နှစ်ရက်တော့ငှားလို့ရမယ်ထင်ပါတယ်ကွာ၊ ဒါပေးလိုက်ရင်အဆင်ပြေမှာပါ
ဟုပြောပြီးလက်ညှိုးနှင့်လက်မကိုဝိုင်းပြလေ၏။ ခရီးသွားလူစုသည်ငွေအင်အားတောင့်တင်းသူများဖြစ်၍ငွေကိုရေလိုသုံးနိုင်သူများဖြစ်၏။ထို့ကြောင့်အောင်လံသည်၎င်းတို့လူစုအားမြင်းများရှိရာသို့လိုက်လံပို့ဆောင်ပေးလေ၏။မြင်းမွေးမြူသူများသည်ခရီးသွားများကငွေပုံပေးလိုက်သောအခါမငြင်းဆန်နိုင်တော့ဘဲမြင်းများကိုငှားရမ်းလိုက်လေတော့၏။
ခရီးသွားများသည်မြင်းကိုကောင်း၏မွန်စွာစီးတတ်သူများဖြစ်၏။၎င်းတို့လူစုသည်အနန်းခွံရောင်မြင်းကြီးကိုကျွမ်းကျင်စွာစီး၍ရှေ့မှဦးဆောင်သွားသောအောင်လံကိုကြည့်၍မျက်လုံးပြူးသွားလေ၏။အောင်လံသည်ရွာမှာနေထိုင်စဉ်သူကြီး၏မြင်းကြီးကိုနေ့စဉ်ထိန်းကျောင်းပေးခဲ့သဖြင့်မြင်းစီးကျွမ်းကျင်နေခြင်းဖြစ်၏။

အောင်လံတို့သည်မြင်းကိုယ်စီဖြင့်ခရီးနှင်လာခဲ့ရာညနေစောင်းအချိန်တွင်ရွာနှင့်မနီးမဝေးသို့ရောက်လေ၏။ အောင်လံသည်ခရီးသွားဧည့်သည်များလွတ်လွတ်လပ်လပ်တည်းခိုနိုင်ရန်ရွာပြင်ရှိဇရပ်ကြီး၌နေရာချပေးလေ၏။ဇရပ်သို့ရောက်သောအခါအောင်လံကရှေးဟောင်းအုတ်ဂူရှိသောနေရာသို့နောက်တစ်နေ့မှသွားရာပေးမည်ဖြစ်ကြောင်းပြောဆိုလေ၏။မကြာမီညမှောင်ရီသန်းစပြုတော့မည်။ခရီးသွားများသည်ငင်းတို့အိတ်ကြီးထဲတွင်ယူဆောင်လာသောငါးသေတ္တာများ၊အသားဘူးများနှင့်ပေါင်မုန့်များကိုထုတ်၍ညစာအဖြစ်စားသောက်ကြလေ၏။အောင်လံသည်နောက်တစ်နေ့နံနက်တွင်ငင်းတို့နှင့်အတူရွာနှင့်ဝေးကွာ သောတောစပ်ရှိရာသို့ထွက်ခဲ့၏။သူ၏ဦးလေးမိသားစုကိုသံယောဇဉ်မရှိသဖြင့်ရွာသို့ပင်မဝင်ဖြစ်တော့ပေ။ နေ့လယ်ခင်းအချိန်သို့ရောက်သောအခါရှေးဟောင်းဂူချိုင်း ရှိရာတောင်ကုန်းမြင့်ကလေးသို့ရောက်လေ၏။ အောင်လံကတောင်ကုန်းကိုလက်ညှိုးညွှန်ပြ၍ခေါင်းဆောင်လူကြီးဘက်သို့လှည့်ကာ..




အောင်လံကမြင်းများကိုစုစည်း၍ တောင်ကုန်းအနီးရှိသစ်ပင်ရိပ်အောက်တွင်ချည်နှောင်လိုက်ပြီးအလုပ်ရှုပ်နေသောခေါင်းဆောင်လူကြီးထံသို့သွား၍..
ရှေးဟောင်းအုတ်ဂူကြီးကိုရှာပြီးဘာလုပ်မလို့လဲ..
ဟုပြောလေ၏။ပိန်ရှည်ရှည်လူတစ်ဦးကအောင်လံ၏ပခုံးကိုပုတ်၍..
ဒီအချိန်ကစပြီးမင်းကိုမလိုအပ်တော့ဘူး။ပါးစပ်ပိတ်ပြီးနေ။မနေရင်ငါတို့ကပိတ်ပေးလိုက်မယ်..
ဟုခြိမ်းခြောက်လေ၏။အောင်လံသည်၎င်းတို့ဇာတ်ရုပ်တဖြည်းဖြည်းပေါ်လာသဖြင့်ထိုလူစုအပေါ်မသင်္ကာစိတ်များပိုမိုဖြစ်ပေါ်လာ၏။၎င်းတို့သည်တောင်ကုန်းကြီးအထက်သို့ကြိုးများဖြင့်တွယ်ကပ်တက်ကြပြီးတောင်ကုန်းပေါ်သို့တစ်ယောက်ပြီးတစ်ယောက်ရောက်သွားလေ၏။အောင်လံသည်၎င်းတို့နောက်မှလိုက်တက်ခဲ့၏။




တောင်ကုန်းပေါ်သို့ရောက်သောအခါ လှိုဏ်အတွင်း၌သစ်ပင်ချုံနွယ်များဖုံးနေသဖြင့်လွယ်ကူစွာမမြင်နိုင်ချေ။ခေါင်းဆောင်လူကြီးကလှိုဏ်ထဲသို့ကျောက်ခဲတစ်လုံးပစ်ချ၏။
အင်း
လှိုဏ်ကတော့အတော်နက်တယ်၊သတိထားပြီးဆင်းရမယ်၊ဟိုကောင်လေးကိုမေးကြည့်ရဦးမယ်..
ဟုရေရွတ်ကာလှိုဏ်၏နက်ရှိုင်းမှုကိုမေးမြန်းလေ၏။အောင်လံက..
နှစ်ဆင့်ဖြစ်နေတယ်၊ပထမအဆင့်ကိုဆင်းရမယ်၊တောင်ကုန်းအောက်မှလှိုဏ်ရှိတာကိုဘယ်သူမှမသိဘူး..
ဟုပြောလေ၏။၎င်းတို့အုပ်စုသည်လှိုဏ်ထဲသို့ဆင်းရန်စိတ်အားထက်သန်နေပြီး ကြိုးများဖြင့်ချည်နှောင်၍ အောက်သို့တစ်ယောက်ပြီးတစ်ယောက်ဆင်းလေတော့၏။လှိုဏ်၏ပထမအဆင့်သို့ရောက်သောအခါချုံနွယ်ပိတ်ပေါင်းများကိုလှမ်းမြင်လိုက်ပြီးပေနှစ်ဆယ်ခန့်သာကျန်တော့ကြောင်းတွေ့ရ၏။၎င်းတို့အဖွဲ့သည်လှိုဏ်၏အောက်ခြေမြေသားပေါ်သို့ရောက်ရှိသောအခါချုံများအထပ်ထပ်ဖုံးလွှမ်းနေသောအုတ်ဂူ၏အစိတ်အပိုင်းကိုတွေ့ရ၏။လူတစ်ဦးကချုံများကိုဂေါ်ပြားဖြင့်ရှင်းရင်းဂူ၏တစ်စွန်းတစ်စကိုမြင်သောအခါ..


တွေ့ပြီ
တွေ့ပြီ
ဟုစိတ်လှုပ်ရှားစွာဖြင့်အော်ဟစ်လေ၏။ ၎င်းတို့အားလုံးထိုနေရာသို့တိုးဝှေ့ကြည့်ပြီးချုံများကိုလျင်မြန်စွာဖယ်ရှားလေ၏။ အုတ်ဂူသည်ရေညှိအထပ်ထပ်တက်နေပြီးဟောင်းနွမ်းဆွေးမြေ့ကာအက်ကွဲလုမတတ်ဖြစ်နေ၏။ ခေါင်းဆောင်လူကြီးသည်အုတ်ဂူအရှေ့ပိုင်းရှိ ရေညှိများကိုတောလိုက်ဓားမြှောင်ဖြင့်ခြစ်ထုတ်လေ၏။ ရေညှိများကွာကျလာပြီးတစ်ပေပတ်လည်ရှိသောကြေးပြားတစ်ပြားပေါ်ထွက်လာ၏။ ကြေးပြားပေါ်ရှိအညစ်အကြေးများကိုသန့်စင်ပြီးသောအခါကြေးပြားပေါ်တွင်ရေထွင်းထားသောစာသားများကိုတွေ့ရလေ၏။ ဖတ်ကြည့်လိုက်သောအခါမြို့ဝန်ဦးသာအို(၁၂၂၈)ခုနှစ်တွင်ကွယ်လွန်အနိစ္စရောက်သည်။
ဟုရေးသားထားလေ၏။ ထိုစာတန်းများကိုဖတ်ရှု၍ခေါင်းဆောင်ဖြစ်သူလူကြီးကခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး...
သေချာပြီ
မြို့ဝန်ဦးသာအိုရဲ့အုတ်ဂူပဲ၊ ၁၂၂၈ဆိုတာလည်းသေချာပြီ ၊ ကနောင်မင်းသားကြီးကိုလုပ်ကြံခံရတဲ့အချိန်ပဲ၊ ဒါဆိုရင်ငါတို့လိုချင်တာရမှာသေချာတယ်

ဟုပြောလေ၏။အောင်လံသည်လျှို၏အမြင့်ပိုင်းနေရာတွင်ထိုင်၍ထိုသူများ၏လုပ်ရပ်ကိုအကဲခတ်နေ၏။၎င်းတို့သည်ပေါက်ချွန်းများဖြင့်အုတ်ဂူကိုဖွင့်လေ၏။ထိုသူများ၏အပြုအမူကိုကြည့်ရှုရင်းအောင်လံသည်မိမိကိုယ်မိမိနောင်တရချင်သလိုရှိ၏။ထိုသူများသည် လူဆိုးလူသွမ်းများဖြစ်ပုံရ၏။လောဘသားများအားရှေးဟောင်းအုတ်ဂူရှိရာကိုလိုက်ပြမိခြင်းသည်ပင်မိမိ၏မှားယွင်းမှုဖြစ်၏။











ဟုပြောလေ၏။အုတ်ဂူအတွင်း၌ရုပ်အလောင်း၏အရိုးများကိုပင်မတွေ့ရတော့ဘဲဆွေးမြေ့နေပြီဖြစ်၏။၎င်းတို့လူစုသည်တူးဖော်ရင်းကြေးဖြင့်ပြုလုပ်ထားသောအရာဝတ္ထုတစ်ခုကိုထိခိုက်မိသဖြင့်ချွင်ခနဲမြည်သောအသံထွက်လာ၏။ခေါင်းဆောင်လူကြီးသည် အားလုံးကိုရပ်တန့်ခိုင်းပြီး၎င်းကိုယ်တိုင်တူးဖော်လေရာတစ်ပေခွဲခန့်အမြင့်ရှိသော သံသေတ္တာတစ်လုံးကိုတွေ့ရလေ၏။ခေါင်းဆောင်လူကြီးသည်သံသေတ္တာ၏အဖုံးကိုဖွင့်လေရာလွယ်ကူစွာမပွင့်သဖြင့်တောလိုက်ဓားမြှောင်ဖြင့်ကလန့်ထုတ်လေ၏။နောက်ဆုံးတွင်အဖုံးပွင့်သွားပြီး ၎င်းတို့သည်စိတ်လှုပ်ရှားစွာဖြင့်အတွင်းထဲသို့စိုက်ကြည့်လိုက်၏။


ထိုအခါအတွင်းထဲ၌ရွှေရောက်တလက်လက်တောက်ပ
နေသောဓားတိုလေးတစ်လက်ကိုတွေ့ရလေ၏။၎င်းတို့
လူစုသည်ရွှေရောင်ဓားလေးကိုမြင်သောအခါဝမ်းသာ
အားရဖြင့်..
အောင်ပြီ
အောင်ပြီ၊သြော်အုပ်
မင်းသားရဲ့ဓားကို
တွေ့ပြီ..
ဟုကြွေးကြော်လိုက်၏။၎င်းတို့လူစု
သည် ရွှေရောင်ဓားကိုတစ်ယောက်တစ်
လှည့်ကြည့်၍ လောဘဇောတက်နေ၏။
ခေါင်းဆောင်လူကြီးက ရွှေဓားလေး၏
လက်ကိုင်တွင်မြှုပ်ထားသော အနီရောင်
ကျောက်များကိုကြည့်၍..
ပတ္တမြား
တွေကွ၊ သိပ်အဖိုးတန်
တယ်၊တန်ဖိုးဖြတ်လို့
တောင်မရနိုင်
ဘူး...
ဟုဝမ်းသာအားရပြောလေ၏။
၎င်းတို့အုပ်စုသည် ရွှေဓားကို
အားရအောင်ကြည့်ရှုပြီးနောက်
သေတ္တာအတွင်းသို့ပြန်ထည့်ကာ
အဖုံးကိုပိတ်လေ၏။


ထို့နောက်လှိုဏ်၏အပေါ်ဆင့်မှ
ငေးမောကြည့်နေသောအောင်
လံကိုကြည့်၍..
ဟေ့
ကောင်လေးကြိုး
ပစ်ချလိုက်စမ်း...
ဟုပြောလေရာအောင်လံက
ကြိုးပစ်ချပေးလေ၏။ခေါင်း
ဆောင်လူကြီးက သေတ္တာကို
ကြိုးချည်၍
ကြိုးကို
အပေါ်ဆွဲတင်
လိုက်တော့
ဟုပြောလေ၏။အောင်လံသည်ကြိုးကိုတဖြည်း
ဖြည်းဆွဲတင်ရင်းငင်းတို့လူစုကိုမနှစ်သက်
သောစိတ်များဖြစ်မိ၏။မိမိ၏ပယောဂကြောင့်
ရှေးဟောင်းအုတ်ဂူထဲမှဩောင်အုပ်မင်းသား၏
ရွှေဓားသည်မသမာသူများ၏လက်ထဲသို့ကျ
ရောက်ပေတော့မည်။ရှေးဟောင်းပစ္စည်းဟူ
သည်တန်ဖိုးအလွန်ရှိသည်ဟု ကြားဖူးသည်။
ထိုလူများလက်မှပစ္စည်းကိုမည်သို့ကာကွယ်ရ
မည်နည်း။သူသည်တွေးတောရင်းချိတုံချတုံဖြစ်
နေစဉ်ခေါင်းဆောင်လူကြီးကမော့ကြည့်၍..
ဟေ့
ကောင်လေးဆွဲ
တင်လေ၊ဘာကြောင့်
ကြည့်နေတာလဲ


ဟုကြိမ်းမောင်းလေ၏။အောင်လံသည်သံသေတ္တာကိုဆွဲတင်ရင်းအုတ်ဖိုမြို့စွန်တွင်နေထိုင်သောကျောက်စာ
ဝန်ဦးခင်မောင်နုကိုသတိရလိုက်၏။တစ်ခါကဦးခင်မောင်နု၏ထမင်းချက်ရှာပြန်သွားသဖြင့်မဖြရင်၏
ထမင်းဆိုင်မှချိုင့်ဆွဲစားသောက်၏။အောင်လံသည်ဦးခင်မောင်နုအိမ်သို့နေ့စဉ်ထမင်းချိုင့်သွားပို့ရင်းရှေး
ဟောင်းပစ္စည်းများအကြောင်းကိုဗဟုသုတအဖြစ်ကြားသိခဲ့ရ၏။ရှေးဟောင်းပစ္စည်းများကိုတက်နိုင်သမျှ
ထိန်းသိမ်းရန်မှာကြားဖူး၏။အောင်လံသည်ညောင်အုပ်မင်းသား၏ကျောက်စိမ်းဓားကိုကိုယ့်နည်းကိုယ့်ဟန်ဖြင့်
လူဆိုးများလက်မှကာကွယ်ရန်လျှပ်တစ်ပြက်ဆုံးဖြတ်လိုက်၏။ထို့ကြောင့်လှိုဏ်ပေါ်သို့အမြန်ဆုံးတွယ်ကပ်
လေ၏။လူဆိုးများသည်အောင်လံ၏အပြုအမူကိုအံ့သြဟန်ဖြင့်ကြည့်၍..





ဟုအော်ဟစ်ကာလှိုဏ်၏ဒုတိယအဆင့်သို့တွယ်ကပ်လေ၏။အောင်လံသည်လူဆိုးများတွယ်ကပ်တက်
နေသဖြင့်စိတ်လှုပ်ရှားစွာဖြင့်သေတ္တာကိုအပေါ်သို့အမြန်ဆုံးဆွဲတင်လေ၏။သို့သော်သေတ္တာသည်ကျောက်
စွန်းတစ်ခုနှင့်ငြိနေပြီးဆွဲတင်၍မရဘဲဖြစ်သွားလေ၏။လူဆိုးများ၏ခေါင်းဆောင်သည်ဒေါသတကြီးအော်ဟစ်
၍ခြောက်လုံးပြူးကိုထုတ်ကာတဒိုင်းဒိုင်းပစ်ခတ်လေတော့၏။အောင်လံသည်မြေပေါ်တွင်ဝပ်လိုက်ရ၏။
သေနတ်သံရပ်သွားသောအခါသံသေတ္တာကိုကမန်းကတန်းဆွဲတင်ပြန်၏။သို့သော်သံသေတ္တာသည်
ကျောက်စွန်းနှင့်ငြိနေပြီးဆွဲမရဘဲဖြစ်နေလေ၏။

ထို့ကြောင့်ကြိုးကိုအောက်သို့ပြန်ချပြီးသေတ္တာကိုကျောက်စွန်းနှင့်လွတ်အောင်ဆွဲတင်ပြန်၏။ထိုအချိန်တွင်လူဆိုးများသည်လှေ၏ဒုတိယအဆင့်သို့ရောက်ရှိနေပြီဖြစ်၏။၎င်းတို့သည်တစ်ရပ်သာသာမြင့်နေသောသေတ္တာကိုခုန်ဆွဲရန်ကြိုးပမ်းလေ၏။လူဆိုးတစ်ဦးသည်သေတ္တာကိုမိလုမိခင်ဖြစ်ပြီးမှလက်လွတ်ဆုံးရှုံးသွား၏။ကျန်လူဆိုးတစ်ဦးကလှေအောက်သို့ကြိုးများပစ်ချပြီးအားလုံးကိုအပေါ်အဆင့်သို့ရောက်အောင်ကြိုးစားနေ၏။







အောင်လံသည်ကျောက်စွန်းမှကြိုးကို ဖြုတ်မရသည့်အဆုံးတွင်ခေါင်းထဲသို့ အကြံတစ်ခုရလာပြီးသေတ္တာကိုပြုတ်မ ကျစေရန်ချည်နှောင်ထားသောကြိုးအား အနီးရှိသစ်ပင်ငယ်တွင်ချည်၍ကျောက် စွန်းရှိရာသို့တွယ်ကပ်ဆင်းလေ၏။ထို အခါလျှိုပေါ်သို့တက်လာသောခေါင်း ဆောင်လူကြီးနှင့်အောင်လံသည်ထိပ် တိုက်တွေ့လေ၏။လူကြီးသည်သေတ္တာ ရှိရာသို့ဦးစွာရောက်ပြီးကျောက်စွန်းနှင့် ငြိနေသောကြိုးကိုဖြုတ်လေ၏။



အောင်လံသည်ခါးကိုကိုင်းညွတ်၍သေတ္တာကိုလက်ဖြင့်ထိကိုင်ရန်ကြိုးစား၏။သေတ္တာနှင့်ထိလုနီးပါးရောက် သောအခါကိုယ်ကိုကိုင်းညွတ်၍သေတ္တာအဖုံးကိုဖွင့်ကာကျောက်စီရွှေများကိုယူလိုက်၏။လက်ထဲသို့ရွှေများ ရောက်သောအခါကမန်းကတန်းလျှိုပေါ်သို့ပြန်တက်လေ၏။ထိုအခါခေါင်းဆောင်လူကြီးသည်ကျောက်စွန်း မှကြိုးကိုဖြုတ်လိုက်နိုင်သော်လည်းသူ၏လက်ထဲတွင်သေတ္တာအလွတ်တစ်လုံးကိုသာရရှိသွား၏။အောင်လံ သည်ကျောက်စီရွှေများနှင့်အတူတောင်ပေါ်သို့လျင်မြန်စွာပြေးတက်သွား၏။သူသည်တောင်အောက်သို့တ ရှုတ်တိုက်လျှောဆင်းလိုက်ပြီးမြင်းပေါ်သို့လွှားခနဲခုန်တက်ကာဒုန်းစိုင်းပြေးလေတော့၏။ထိုအချိန်တွင်ခေါင်း ဆောင်လူကြီးသည်တောင်ပေါ်သို့တွယ်ကပ်တက်ပြီးအောင်လံ၏နောက်ကျောကိုကြည့်၍တောက်ခေါက်ကာ.



ဟုဆိုကာကြိုးများကိုပစ်ချလေ၏။ ခေါင်းဆောင်လူကြီးကတောင်ပေါ်မှ ခုန်ချ၍မြင်းပေါ်သို့ခုန်တက်ကာအောင်လံ၏နောက်သို့လိုက်လေ၏။အောင်လံသည် လူဆိုးများလက်မှပြေးလွှားရင်းသူ၏မြင်းကြီးသည်အပြေးနှုန်းနှေးနေကြောင်းသတိပြုမိ၏။မြင်းကြီး၏ခြေတစ်ဖက်နာနေသောကြောင့် မပြေးနိုင်ခြင်းဖြစ်ပုံရ၏။ခေါင်းဆောင်လူကြီး၏ မြင်းသည်အနောက်မှတစ်ရှိန်ထိုးလိုက်ပါလာပြီး တဖြည်းဖြည်းကပ်လာ၏။






ခေါင်းဆောင်လူကြီးနှင့်လူဆိုးများ၏မြင်းများသည်မီးရထားအနောက်သို့မီလုနီးပါးဖြစ်နေချိန်တွင်အောင်လံသည်မြင်းပေါ်မှရထားပေါ်သို့ခုန်ကူးလိုက်၏။အောင်လံသည်သစ်လုံးများတင်ထားသောရထားတွဲပေါ်သို့ကုတ်ကပ်၍တက်လေ၏။အောင်လံရထားပေါ်သို့ရောက်သည်နှင့်ရထား၏အရှိန်သည်အနည်းငယ်နှေးသွားသဖြင့်လူဆိုးအဖွဲ့သည်ရထားပေါ်သို့တစ်ယောက်ပြီးတစ်ယောက်တွယ်ကပ်တက်ရန်အရေးရှိသွားလေ၏။ အောင်လံသည်လူဆိုးများရထားပေါ်သို့ရောက်လာသဖြင့်မျက်လုံးပြူးပြီးတွဲများတစ်တွဲပြီးတစ်တွဲကူးပြောင်းပြေးလေ၏။ခေါင်းဆောင်လူကြီးသည်ခြောက်လှန့်သည့်အနေဖြင့်ခြောက်လုံးပြူးပစ်လိုက်ပြီး...